# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

# ညွှန်ကြားချက်အမှတ် ၃ /၂၀၂၄

# ၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်

# (၂၀၂၄ ခုနှစ် မတ် လ ၈ ရက်)

## ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်၊ ကျွဲ၊ နွားများကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု လျော့နည်းစေပြီး နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်လာစေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်တွင် ပါရှိသော စကားရပ်များသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

**ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card) ထုတ်ပေးရန် လျှောက်ထားခြင်း**

၂။ (က) ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ကုန်သွယ်မှု မှန်ကန်မြန်ဆန်စေရေးအတွက် ကျွဲ၊ နွား ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card)ရရှိရန် အောက်ပါ စာရွက်စာတမ်း အထောက်အထားများပူးတွဲ၍ ဦးစီးဌာနသို့ ပုံစံ-ကသ (၁) ဖြင့် လျှောက်ထားရမည်-

(၁) ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်မူရင်း၊

(၂) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်မူရင်း၊

(၃) ကုမ္ပဏီ၌ တာဝန်ရှိသူဖြစ်ကြောင်း အထောက်အထား၊

(၄) ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ကိုယ်စားလှယ်ထားရှိ ဆောင်ရွက်မည်ဆိုပါက ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်း ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်။

(ခ) ဦးစီးဌာနသည် အပိုဒ်ခွဲ(က)အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိ စိစစ်၍ ပြည့်စုံပါက လျှောက်ထားသူအား အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card)ကို ထုတ်ပေးရမည်။ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံမှုမရှိပါက လျှောက်ထားသူအား ပြည့်စုံစွာဆောင်ရွက်စေရန် ညွှန်ကြားရမည်။ လျှောက်ထားသူက ပြည့်စုံစွာဆောင်ရွက်၍ ပြန်လည်လျှောက်ထားလာပါက အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card)ကို ထုတ်ပေးရမည်။

**ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့ရန်အတွက် မွေးမြူခြင်း**

၃။ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် –

(က) ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် မိမိတင်ပို့လိုသည့် အကောင်အရေအတွက်အတိုင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသော ခွင့်ပြုလက်မှတ်ရရှိထားသည့် မွေးမြူရေးခြံတွင် သင်းကွပ်ပြီးသည့် ကျွဲ၊ နွား အထီးများကို ၆ လ ကြိုတင်၍ ကိုယ်တိုင်မွေးမြူထားရှိရမည်။

(ခ) မိမိမွေးမြူထားသည့် ကျွဲ၊ နွား များကို ဦးစီးဌာနက သတ်မှတ်ထားသည့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံရမည်။

(ဂ) မိမိမွေးမြူထားသော ကျွဲ၊ နွား များကို စစ်ဆေးအတည်ပြု၍ တိရစ္ဆာန်အမှတ်အသားတပ်ဆင်ပေးရန် အောက်ပါ စာရွက်စာတမ်း အထောက်အထားများပူးတွဲ၍ ဦးစီးဌာနသို့ ပုံစံ-ကသ(၂) ဖြင့် လျှောက်ထားရမည်-

(၁) ကျွဲ၊ နွားများကို ကိုယ်တိုင်မွေးမြူထားခြင်းဖြစ်ကြောင်း ဝန်ခံချက် [ပုံစံ- ကသ (၃)]၊

(၂) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသော မွေးမြူရေးခြံလုပ်ငန်းခွင့်ပြုလက်မှတ်(မိတ္တူ)။

(ဃ) အွန်လိုင်း (Online) စနစ်ဖြင့် လျှောက်ထားလိုပါက ဦးစီးဌာန၏အီးမေးလ်ဖြစ်သည့် oss@lbvd.services သို့မဟုတ် application@lbvd.services သို့ ပေးပို့ လျှောက်ထားရမည်။

၄။ (က) ဦးစီးဌာနသည် အပိုဒ် ၃ အပိုဒ်ခွဲ (ဂ)အရ လျှောက်ထားလာမှုကို လက်ခံရရှိသည့်အခါ-

(၁) သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိ စိစစ်၍ ပြည့်စုံပါက လျှောက်လွှာကို လက်ခံရမည်။ ပြည့်စုံမှု မရှိပါက လျှောက်ထားသူအား ပြည့်စုံစွာဆောင်ရွက်စေ၍ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၂) လျှောက်လွှာများကို လက်ခံပြီးပါက လျှောက်ထားသူ၏ ကျွဲ၊ နွားမွေးမြူထားရှိမှုနှင့်စပ်လျဉ်း၍ လျှောက်ထားရာတွင် ဖော်ပြထားသည့်အချက်အလက်များ နှင့် မြေပြင်အချက်အလက်များ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန်နှင့် တိရစ္ဆာန်အမှတ်အသားတပ်ဆင်ပေးရန် စစ်ဆေးရေးမှူးများဖြင့် ကွင်းဆင်းစစ်ဆေးစေရမည်။

(ခ) စစ်ဆေးရေးမှူးများသည် ကွင်းဆင်းစစ်ဆေး၍ ကျွဲ၊ နွားကောင်ရေ အတည်ပြုခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိရစ္ဆာန်အမှတ်အသား တပ်ဆင်ခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပြီးပါက စစ်ဆေးတွေ့ရှိချက်များကို ပုံစံ- ကသ (၄) တွင် ပြည့်စုံစွာဖြည့်စွက်၍ အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) ဦးစီးဌာနသည် အပိုဒ်ခွဲ(ခ)အရ တင်ပြချက်ကို ရရှိသည့်အခါ စိစစ်လက်ခံ၍ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား အဆိုပါ ကျွဲ၊ နွားများကို အနည်းဆုံး ၆ လ မွေးမြူထားရှိရန် အကြောင်းကြားခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းစဉ် ပြီးမြောက်သည်အထိ အမှုတွဲများကို ထိန်းသိမ်းထားရှိခြင်းတို့ ဆောင်ရွက်ရမည်။